PARKVIEW
HEALTH LABORATORIES

# 24 နာရီအတွင်း ဆီးစစ်ရန်အတွက် ဆီးနမူနာစုဆောင်းရန် လုပ်ဆောင်ချက်များ

| | |
|---|---|
| အရေးကြီးသောအချက် | ဤစစ်ဆေးမှု၏မှန်ကန်မှုသည် ဆီးနမူနာကို မှန်ကန်စွာ စုဆောင်းသည့်အပေါ်တွင် မူတည်ပါသည်။ |
| လုပ်ဆောင်ချက်များ | 1. 24-နာရီအချိန်ကာလ စစခြင်းတွင် ဆီးသွားပြီး ထိုဆီးနမူနာကို စွန့်ပစ်ပါ (လွှင့်ပစ်လိုက်ပါ)။ **အချိန်ကို မှတ်သားထားပါ။**<br>2. ထိုအချိန်မှစတင်ပြီး၊ ဆီးသွားတိုင်း ဆီးများ အားလုံးကို သန့်ရှင်းသော ဆီးထည့်ရန် ခွက်အတွင်းတွင် စုဆောင်းနောက် ပုလင်းထဲသို့ ပြောင်းထည့်ပါ။ **ဆီးထည့်ရန်ခွက်ထဲသို့ တိုက်ရိုက်ဆီးမသွားပါနှင့်။**<br>3. 24-နာရီ အချိန်ကာလမပြည့်မီ နောက်ဆုံးဆီးကို စွန့်ထုတ်နိုင်ရန် ကြိုးစားပါ။ ထိုဆီးကို ဆီးထည့်ရန်ခွက်ထဲသို့ ထပ်ပေါင်းထည့်လိုက်ပါ။<br>4. ဓာတ်ခွဲခန်းသို့ တတ်နိုင်သမျှမြန်မြန် ယူဆောင်ပါ။ |
| မှတ်ချက် | ဆီးစစ်ရန် ဆီးနမူနာကောက်ယူစဉ် အချိန်တလျှောက်လုံးနှင့် ဓာတ်ခွဲခန်းသို့ ပြန်ပို့ရန် အဆင်သင့်ဖြစ်သည့် အချိန်ထိတိုင်အောင် ဆီးနမူနာကို **အအေးဓာတ်ဖြင့် တာရှည်ခံအောင် စီမံထားရမည်။** |
| လေဘယ်လ် | လူနာ၏အမည်အပြည့်အစုံ၊ လူနာ၏အရပ်အမြင့်၊ လူနာ၏ကိုယ်အလေးချိန်၊ စမ်းသပ်ခြင်း (များ) အမည်၊ ရက်စွဲနှင့် ကောက်ယူသည့်အချိန်တို့ကို ဆီးထည့်ရန်ခွက်တွင် ကျေးဇူးပြုပြီး လေဘယ်လ် တပ်ပေးပါ။ |

ပက်လက်အနေအထားနှင့် မတ်တတ်အနေအထား ညွှန်ကြားချက်များ

လဲလျောင်းနေစဉ် (ပက်လက်အနေအထား) သို့မဟုတ် မတ်တတ်အနေအထားနေစဉ် ဆီးစစ်ရန် နမူနာကောက်ယူရန် သင့်ဆရာဝန်မှ တောင်းဆိုကောင်း တောင်းဆိုနိုင်ပါသည်။
အကယ်၍ သင့်ဆရာဝန်မှ ပက်လက်အနေအထားတွင် ဆီးနမူနာတစ်ခု၊ မတ်တတ်အနေအထားတွင် ဆီးနမူနာတစ်ခု စုဆောင်းရန် တောင်းဆိုလာပါက၊ အထက်တွင်ဖော်ပြထားသော ညွှန်ကြားချက်များကို လိုက်နာပြီး 24 နာရီခြားစီတွင် ဆီးနမူနာ နှစ်ကြိမ်ကောက်ယူပါ။